This VIS translation is out of date. When you give your patient this translation, also give them the up-to-date English version of it. To get both, and to find out what was updated, go to www.immunize.org/vis



# ဂျပန် ဦးနှောက်အမြှေးရောင်ရောဂါ ကာကွယ်ဆေး

## သင်သိသင့်သည့် အရာများ

ကာကွယ်ဆေးဆိုင်ရာအချက်အလက်မှတ်တမ်း ထွက်ဆိုချက်တွေ အများအပြားကို စပိန်နဲ့ တခြားဘာသာစကားတွေနဲ့ ရနိုင်ပါတယ်။ www.immunize.org/vis မှာ ကြည့်ပါ။
Hojas de Informacián Sobre Vacunas están disponibles en español y en muchos otros idiomas. Visite http://www.immunize.org/vis

### 1 ဂျပန် ဦးနှောက်အမြှေးရောင်ရောဂါဆိုတာ ဘာလဲ။

ဂျပန် ဦးနှောက်အမြှေးရောင်ရောဂါ (JE) ဟာ ဗိုင်းရပ်စ်ပိုး တစ်မျိုး ကြောင့် ဖြစ်တဲ့ ကြီးလေးတဲ့ရောဂါပါ။ အဓိကအားဖြင့် အာရှတိုက်က ကျေးလက်ဒေသတွေမှာ ဖြစ်ပါတယ်။



JE ဗိုင်းရပ်စ်ပိုးက ရောဂါရှိနေတဲ့ ခြင်တွေ ကိုက်ရာက ပြန့်ပွားပါတယ်။ လူတစ်ယောက်က နောက်တစ်ယောက်ကို တိုက်ရိုက် မပြန့်ပွားနိုင်ပါဘူး။

ခရီးသွားသူတွေ အများစုအတွက် JE အန္တရာယ်က အရမ်းနည်းပေမဲ့ ဒီရောဂါကို အများအပြားတွေ့ရတဲ့ ဒေသတွေမှာ နေထိုင်တဲ့လူတွေ ဒါမှမဟုတ် ကာလကြာ ခရီးသွားသူတွေမှာ အန္တရာယ် ပိုမြင့်မားပါတယ်။

JE ဗိုင်းရပ်စ်ပိုး ကူးစက်သွားသူအများစုမှာ ရောဂါလက္ခဏာတွေ လုံးဝမရှိပါဘူး။ ကျန်လူတွေအတွက်တော့ JE ဗိုင်းရပ်စ် ပိုးကြောင့် ကိုယ်ပူတာနဲ့ ခေါင်းကိုက်တာတို့ကအစ အကြီးအကျယ် ဦးနှောက် အမြှေးရောင်ရောဂါ (ဦးနှောက် ရောဂါပိုးဝင်တာ) ဖြစ်တဲ့အထိ ဖျားနာမှုတွေ ဖြစ်နိုင်ပါတယ်။

ဦးနှောက်အမြှေးရောင်ရောဂါရဲ့ ရောဂါလက္ခဏာတွေထဲမှာ ကိုယ်ပူတာ၊ လည်ပင်း တောင့်နေတာ၊ တက်တာ၊ သတိနဲ့ပတ်သက်ပြီး အပြောင်းအလဲတွေဖြစ်တာ ဒါမှမဟုတ် သတိလစ်မေ့မြောတာတို့ ပါပါတယ်။

ဦးနှောက်ရောင်ရမ်းနာရှိသူ ၄ ယောက်မှာ ၁ ယောက်လောက် သေဆုံးပါတယ်။ မသေဆုံးသူတွေအနက် တစ်ဝက်လောက်က ရာသက်ပန် ဦးနှောက်ထိခိုက် နိုင်ပါတယ်။ ကိုယ်ဝန်ဆောင် မိခင်တစ်ယောက်မှာ ရောဂါပိုးရှိရင် သန္ဓေသားကို ထိခိုက်နိုင်ကြောင်း အထောက်အထားတချို့ ရှိပါတယ်။

### 2 JE ကို ဘယ်လို ကာကွယ်ရမလဲ။

JE ကာကွယ်တားဆီးဖို့ အကောင်းဆုံးနည်းက အောက်ပါနည်းတွေနဲ့ ခြင်မကိုက်အောင် လုပ်ဖို့ပါပဲ။ ။

- ခြင်လုံဇကာတွေ ကောင်းကောင်းရှိတဲ့နေရာမှာ နေတာ၊
- ကိုယ်ခန္ဓာတခုလုံးနီးပါးကို ဖုံးထားတဲ့ အဝတ်အစားတွေ ဝတ်တာ၊
- DEET ပါတဲ့ အင်းဆက်ပိုးသတ်ဆေးတွေလို ထိရောက်တဲ့ အင်းဆက်ပိုးသတ်ဆေးသုံးတာ၊
- နေရာထိုင်ခင်းတွေက ခြင်လုံဇကာအလုံအလောက်မရှိရင် ဒါမှမဟုတ် လေအေးစက်မရှိရင် ခြင်ထောင်တွေ သုံးတာ။

**အာရှကို ခရီးသွားသူတချို့ကလည်း JE ကာကွယ်ဆေး ထိုးသင့်ပါတယ်။**

### 3 ဘယ်သူ JE ကာကွယ်ဆေး ထိုးသင့်သလဲ။

ဂျပန် ဦးနှောက်အမြှေးရောင်ရောဂါ ကာကွယ်ဆေးကို အာရှကို ခရီးသွားတဲ့ အောက်ပါလူတွေအတွက် အကြံပြုထားပါတယ်။ ။

- JE ဖြစ်တဲ့ဒေသတွေမှာ အနည်းဆုံး တစ်လနေဖို့ စီစဉ် ထားသူတွေ၊
- ဒီဒေသတွေမှာ တစ်လအောက်နည်းပြီး ခရီးသွားမှာ ဖြစ်ပေမဲ့ ကျေးလက်ဒေသတွေကို အလည်သွားဖို့ စီစဉ်ထားသူတွေ ဒါမှမဟုတ် အပြင်ထွက်တဲ့အစီအစဉ်လုပ်ဖို့ စီစဉ်ထားသူတွေ၊
- JE ဖြစ်ပွားနေတဲ့ဒေသတွေကို သွားသူတွေ၊ ဒါမှမဟုတ်
- ခရီးအစီအစဉ်တွေနဲ့ပတ်သက်ပြီး သေချာမသိတဲ့လူတွေ။

JE ဗိုင်းရပ်စ်ပိုးနဲ့ ထိတွေ့ဖို့အန္တရာယ်ရှိတဲ့ ဓာတ်ခွဲခန်း အလုပ်သမားတွေကလည်း JE ကာကွယ်ဆေး ထိုးရပါမယ်။

### 4 JE ကာကွယ်ဆေး

JE ကာကွယ်ဆေးကို အသက် ၁၇ နှစ်နဲ့အထက် ရှိသူတွေအတွက်ပဲ ခွင့်ပြုထားပါတယ်။ အသက်ပိုငယ်တဲ့သူတွေက ဂျပန် ဦးနှောက် အမြှေးရောင်ရောဂါကနေ အကာအကွယ်အတားအဆီး လိုပြီး သူတို့ရဲ့ ဆရာဝန်နဲ့ ပြောဆိုဆွေးနွေးသင့်ပါတယ်။

ဒီကာကွယ်ဆေးကို ၂ ကြိမ်ခွဲပေးရပြီး တစ်ကြိမ်နဲ့တစ်ကြိမ် ၂၈ ရက်ခြား ပေးရပါတယ်။ ဒုတိယတစ်ကြိမ်ကို ခရီးမသွားခင် အနည်းဆုံး ၁ ပတ် ကြိုတင် ထိုးပေးရပါတယ်။

လွန်ခဲ့တဲ့တစ်နှစ်ထက်ကျော်က ကာကွယ်ဆေးထိုးထားပြီး ဒီရောဂါပိုးမွှားနဲ့ ထိတွေ့ဖို့ အန္တရာယ် ရှိနေသေးသူတွေ ဒါမှမဟုတ် ပြန်ပြီးထိတွေ့နိုင်သူကို JE ကာကွယ်ဆေး အားမြှင့်ဆေး တစ်ကြိမ် ပေးနိုင်ပါတယ်။ သင့်ဆရာဝန်က နောက်ထပ်အချက်အလက်တွေ ပေးနိုင်ပါတယ်။

JE ကာကွယ်ဆေးကို တခြားကာကွယ်ဆေးတွေနဲ့ တစ်ချိန်တည်းမှာပဲ ပေးနိုင်ပါတယ်။

U.S. Department of Health and Human Services
Centers for Disease Control and Prevention

This VIS translation is out of date. When you give your patient this translation, also give them the up-to-date English version of it.
To get both, and to find out what was updated, go to www.immunize.org/vis

## 5 တချို့လူတွေက JE ကာကွယ်ဆေး မထိုးသင့်ပါဘူး။

- ဒီ JE ကာကွယ်ဆေး အရင်တစ်ကြိမ်ထိုးတုန်းက အသက် အန္တရာယ် ရှိလောက်တဲ့အထိ မတည့်တဲ့တုန့်ပြန်မှု ဖြစ်ဖူးသူတွေက နောက်တစ်ကြိမ် မထိုးရပါဘူး။
  (မှတ်ချက်။ ။ ၂၀၁၁ ခုနှစ် အစောပိုင်းအထိ ကာကွယ်ဆေး နောက်တမျိုး ရှိခဲ့ပါတယ်။ အဲဒီကာကွယ်ဆေးနဲ့ အသက်အန္တရာယ်ရှိလောက်တဲ့အထိ တုန့်ပြန်မှုရှိလို့ လက်ရှိကာကွယ်ဆေးကို ရှောင်တယ်ဆိုတာက မဖြစ်သင့်ပါဘူး။ သင့်ဆရာဝန်ကို မေးပါ။)
- ကာကွယ်ဆေးမှာပါတဲ့ အစိတ်အပိုင်း တစ်ခုနဲ့ အသက် အန္တရာယ်ရှိတဲ့အထိ မတည့်သူတွေက ကာကွယ်ဆေး မထိုးရပါဘူး။ သင့်မှာ အကြီးအကျယ် မတည့်တာတွေ ရှိရင် သင့်ဆရာဝန်ကို ပြောပါ။
- ယေဘုယျအားဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတွေက JE ကာကွယ်ဆေး မထိုးရပါဘူး။ ဒါပေမဲ့ သင့်မှာကိုယ်ဝန်ရှိနေရင် သင့်ဆရာဝန်ကိုမေးကြည့်ပါ။ တချို့အခြေအနေတွေမှာ ဒီဆေးကို အကြံပြုနိုင်ပါတယ်။

သင်က ရက်ပေါင်း ၃၀ အောက် ခရီးသွားပြီး အထူးသဖြင့်အဓိက မြို့ပြဒေသတွေမှာ နေမယ်ဆိုရင် သင့်ဆရာဝန်ကို ပြောပါ။ သင့်မှာ အန္တရာယ်ပိုနည်းနိုင်ပြီး ကာကွယ်ဆေးမလိုနိုင်ပါဘူး။

## 6 JE ကာကွယ်ဆေးမှာ ဘာအန္တရာယ်တွေ ရှိသလဲ။

တခြားဆေးတွေလိုပဲ ကာကွယ်ဆေးမှာလည်း ပြင်းထန်တဲ့ တုန့်ပြန်မှုတွေ ရှိနိုင်ပါတယ်။ ဒါပေမဲ့ JE ကာကွယ်ဆေးကြောင့် ပြင်းထန်တဲ့အနာတရဖြစ်မှု ဒါမှမဟုတ် သေဆုံးမှု ဖြစ်ဖို့ အန္တရာယ်တွေ အရမ်းနည်းပါတယ်။

### ပြဿနာ အနည်းအကျဉ်း

- ဆေးထိုးတဲ့နေရာမှာ နာတာ ဒါမှမဟုတ် အထိမခံနိုင်တာ (လူ ၄ ယောက်မှာ ၁ ယောက်လောက်)
- ဆေးထိုးတဲ့နေရာမှာ နီတာ ဒါမှမဟုတ် ယောင်ကိုင်းတာ (လူ အယောက် ၂၀ မှာ ၁ ယောက်လောက်)
- ခေါင်းကိုက်တာ၊ ကြွက်သားတွေနာကျင်ကိုက်ခဲတာ (လူ ၅ ယောက်မှာ ၁ ယောက်လောက်)

### အသင့်အတင့် ဒါမှမဟုတ် ကြီးပြင်းထန်တဲ့ပြဿနာတွေ

ဒီကာကွယ်ဆေးနဲ့ပတ်သက်ပြီး လေ့လာချက်တွေအရပြင်းထန်တဲ့တုန့်ပြန်မှုတွေ အရမ်းဖြစ်ခဲတာ တွေ့ရပါတယ်။ ကာကွယ်ဆေးတွေအားလုံးလိုပဲ ဒီကာကွယ်ဆေးကိုလည်း ပြင်းထန်တဲ့ပြဿနာတွေအတွက် ဆက်ပြီး စောင့်ကြပ်ကြည့်ရှုနေပါမယ်။

## 7 အပြင်းအထန် မတည့်တဲ့တုန့်ပြန်မှု ဖြစ်ရင်ရော။

### ကျွန်ုပ် ဘာတွေသတိထားကြည့်နေရမလဲ။

အဖျားကြီးတာ ဒါမှမဟုတ် အပြုအမူ ပြောင်းလဲ ထူးခြားတဲ့အခြေအနေတွေကို ကြည့်ရမယ်။ ဆေးနဲ့မတည့်လို့ ပြင်းထန်စွာ တုန့်ပြန်တဲ့ လက္ခဏာတွေထဲမှာ အသက်ရှူခက်ခဲတာ၊ အသံအက်တာ ဒါမှမဟုတ် ခွဲသလိပ်သံနဲ့ အသက်ရှူတာ၊ အင်ပြင်ထတာ၊ ဖြူဖတ်ဖြူရော်ဖြစ်တာ၊ အားနည်းတာ၊ နှလုံးခုန်မြန်တာ ဒါမှမဟုတ် ခေါင်းမူးတာတို့ ပါနိုင်ပါတယ်။

### ဘာလုပ်သင့်လဲ။

- ဆရာဝန် ခေါ်ပါ။ ဒါမှမဟုတ် အဲဒီလူကို ဆရာဝန်ဆီ ချက်ချင်း ခေါ်သွားပါ။
- ဘာဖြစ်တယ်ဆိုတဲ့အကြောင်းနဲ့ ဖြစ်တဲ့ရက်စွဲ၊ အချိန်နဲ့ ကာကွယ်ဆေးကို ဘယ်တုန်းက ထိုးတယ်ဆိုတာတို့ကို သင့်ဆရာဝန်ကို ပြောပါ။
- သင့်ဆရာဝန်ကို ကာကွယ်ဆေး ဆိုးကျိုး အဖြစ်အပျက် စနစ် (Vaccine Adverse Event Reporting System - VAERS) ပုံစံဖြည့်ပြီး ဆေးတုန့် ပြန်မှုကို အစီရင်ခံခိုင်းပါ။ ဒါမှမဟုတ် သင်က ဒီအစီရင်ခံချက်ကို ဥအဲရဆ ဝက်ဆိုဒ်ဖြစ်တဲ့ **www.vaers.hhs.gov** ကနေ ဒါမှမဟုတ် **1-800-822-7967** ကို ဆက်ပြီး အစီရင်ခံနိုင်ပါတယ်။

*VAERS က ကျန်းမာရေးဆိုင်ရာ အကြံပေးတာ မလုပ်ပါဘူး။*

## 8 နောက်ထပ် ဘယ်လို လေ့လာရမလဲ။

- သင့်ဆရာဝန်ကို မေးပါ။ သူတို့က ကာကွယ်ဆေး အထုပ်ထဲမှာ ထည့်ထားတဲ့စာရွက် သင့်ကို ပေးနိုင်ပါတယ်။ ဒါမှမဟုတ် တခြားအချက်အလက်တွေ အကြံပြုနိုင်ပါတယ်။
- သင့်ရဲ့ ဒေသခံ ဒါမှမဟုတ် ပြည်နယ် ကျန်းမာရေးဌာနကို ဖုန်းဆက်ပါ။
- ရောဂါထိန်းသိမ်းရေးနဲ့ ကာကွယ်ရေးစင်တာတွေ (CDC) ကို ဆက်သွယ်ပါ။ ။
  - **1-800-232-4636 (1-800-CDC-INFO)** ကို ဖုန်းဆက်ပါ။
  - CDC ရဲ့ ခရီးသွားသူများအတွက် ကျန်းမာရေးဝက်ဆိုဒ်ကို **www.cdc.gov/travel** မှာ ကြည့်ပါ။
  - CDC ရဲ့ JE ဝက်ဆိုဒ်ကို www.cdc.gov/ncidod/dvbid/jencephalitis/index.htm မှာ ကြည့်ပါ။

---

Vaccine Information Statement

# Japanese Encephalitis Vaccine

12/7/2011 Burmese

Office Use Only

Translation provided by the Minnesota Department of Health